# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့အစီအစဉ်

## [ ၂–၈–၂၀၁၆ ] ( အင်္ဂါနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက လယ်ယာမြေ မှုခင်းများကို စစ်ဆေးဆုံးဖြတ်ပေးကြရသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့မှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ လိုက်နာ စစ်ဆေးဆုံးဖြတ်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဌေးဌေး၊ မြောင် မဲဆန္ဒနယ်၏ **မြောင်မြို့နယ်မှ မူလတောင်သူများ ပိုင်ဆိုင်ခဲ့သည့် လယ်ယာမြေဧက (၄၀)ခန့်အား သိမ်းဆည်းထားခြင်း အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးကာ ဥပဒေနှင့်အညီ ဆုံးဖြတ်၍ မူလတောင်သူများအား ပြန်လည် ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **ဘူးသီးတောင်မြို့နယ် ညောင်ချောင်း–င/လှမ်းပြင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း(၁၁/၄.၇၅)မိုင်အား ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **ကင်းတား ရေလှောင်ဆည်မှ မိတ္ထီလာသို့ သဘာဝအနိမ့်အမြင့်သဘော (Gravity)နှင့် မဟုတ်ဘဲ ရေစုပ်စက်ကြီးများနှင့် အဆင့်ဆင့်စက်ရေတင်၍ ရေပေးဝေရေး စီမံကိန်း ပြီးစီးပါက မူလလျာထားခဲ့သော မြေဧက သုံးသောင်းကျော်ကို တကယ်လုံလုံလောက်လောက် ရေပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့နယ်၊ ဒိုးမတောင် ချောင်းကို ဒိုးမတောင် ချောင်းပိတ်ကာရီကို တည်ဆောက်ပေးပါမည်လား၊ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်၊ မတည်ဆောက်ပေးပါက မည်သည့် အကြောင်းကြောင့် မတည်ဆောက်ပေးသည်တို့ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့နယ်၊ ကုက္ကိုလှမြစ်ရေတင် စီမံကိန်း ဧက ၅၀၀၀ မှာ ရေပေးဝေခြင်း ကောင်းမွန်စွာရှိနိုင်သော ဧက ၁၀၀၀ ခန့်သာ ရှိသဖြင့် ကျန်ဧက ၄၀၀၀ အတွက် မည်သို့ဆောင်ရွက်မည် သို့မဟုတ် ကျန် ၄၀၀၀ ဧက ကိုပါ ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်သို့ ဆက်သွယ်ထားသည့် ယခင်ကတ္တရာလမ်းဟောင်း ဖြစ်သော တောင်ကြို့ကုန်း– သနာပိုလမ်းအား ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်အတွင်းရှိ မကျီးပင်ပု–ရွှေပန်းကိုင်းလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောလျင်စွာ ပြုပြင်ရန်အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်က **"နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း "** အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။